လူတို့ထဲတွင် အချက်နှစ်ချက်ရှိပြီး၊
၎င်းအချက်နှစ်ချက် ကုဖ်ရ် (သွေဖည်ငြင်းပယ်ခြင်း)
ဖြစ်သည်။ ၎င်းတို့မှာ - မျိုးရိုးအား
စော်ကားထိုးနှက်ခြင်းနှင့် သေဆုံးသူအပေါ်
ဖွဲ့နွဲ့ငိုကြွေးခြင်း ဖြစ်သည်။
အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ လူတို့ထဲတွင်
အချက်နှစ်ချက်ရှိပြီး၊ ၎င်းအချက်နှစ်ချက် ကုဖ်ရ် (သွေဖည်ငြင်းပယ်ခြင်း)
ဖြစ်သည်။ ၎င်းတို့မှာ - မျိုးရိုးအား စော်ကားထိုးနှက်ခြင်းနှင့် သေဆုံးသူအပေါ်
ဖွဲ့နွဲ့ငိုကြွေးခြင်း ဖြစ်သည်။
[صحيح] [رواه مسلم]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် လူတို့ထဲတွင်ရှိသော ကာဖိရ်များ၏
အပြုအမူနှင့် ဂျာဟီလီယသ် အမိုက်ခေတ်၏ စရိုက်လက္ခဏာများဖြစ်သော အချက်နှစ်ချက်နှင့်
ပတ်သတ်၍ မိန့်ကြားတော်မူခဲ့သည်။ ပထမအချက် - လူတို့၏
မျိုးရိုးအားစော်ကားထိုးနှက်ခြင်း၊ လူတို့ကို ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်
မာန်မာနထောင်လွှားခြင်း။ ဒုတိယအချက် - သက္ကဒီရ် (နဖူးစာကံကြမ္မာ) ကို
မကျေမနပ်ဖြစ်သည့်အနေဖြင့် ဘေးဒုက္ခကြုံတွေ့ရချိန်၌ အသံမြှင့်၍
(ဖွဲ့နွဲ့ငိုကြွေးခြင်း) သို့မဟုတ် အလွန်အမင်း စိတ်ရှုပ်ထွေးမှုကြောင့် အဝတ်အ
စားများကို ဆုတ်ဖြဲခြင်း။
https://www.sunnah.global/hadeeth/my/show/6361